# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ....../၂၀၂၀

**နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ ................လ........ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ...............လ ......... ရက်)**

DRAFT

သစ်တောဥပဒေပုဒ်မ ၅၇၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို သစ်တောနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် သစ်တောဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **သစ်တောကင်းရုံး** ဆိုသည်မှာ သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်း ခြင်းကို စစ်ဆေးရန်နှင့် ကျသင့်သောအခွန်အခများကို ကောက်ခံနိုင်ရန် သစ်တောဥပဒေပုဒ်မ ၂၄ အရ တည်ထောင်ထားသောရုံးကို ဆိုသည်။

( ခ) **သစ်လုံး** ဆိုသည်မှာ ခါးလည်လုံးပတ် ၃ ပေနှင့်အထက်ရှိသော သစ်လုံးကို ဆိုသည်။

( ဂ) **တိုင်** ဆိုသည်မှာ ခါးလည်လုံးပတ် ၃ ပေထက်ငယ်၍ ခါးလည်လုံးပတ် ၁ ပေ နှင့်အထက်ရှိသော သစ်လုံးကို ဆိုသည်။

(ဃ) **မျော** ဆိုသည်မှာ ခါးလည်လုံးပတ် ၁ ပေထက်ငယ်သော သစ်လုံးကို ဆိုသည်။

(င) **ဖောင်** ဆိုသည်မှာ ရေမျှောရန်အတွက် ပြင်ဆင်ဖွဲ့စည်းထားသော ဝါး၊ ကြိမ် သို့မဟုတ် သစ်ကို ဆိုသည်။

(စ) **လွှစင်** ဆိုသည်မှာ သစ်လုံး၊ တိုင်၊ မျောနှင့် ခွဲသားများကို လက်ဆွဲလွှ သို့မဟုတ် လက်ကိုင်စက်လွှဖြင့် ခွဲစိတ်တိုက်ဖြတ်ရန် ပြုလုပ်ထားသောစင်ကို ဆိုသည်။

(ဆ) **လွှစက်** ဆိုသည်မှာ စက်အားအသုံးပြု၍ သစ်လုံး၊ တိုင်၊ မျောနှင့် ခွဲသားများကို ခွဲစိတ်ရန် တည်ဆောက်ထားသော သစ်ခွဲစက်ကို ဆိုသည်။

(ဇ) **သစ်တစ်တန်** ဆိုသည်မှာ သစ်ကုဗပေ ၅၀ ကို ဆိုသည်။

(ဈ) **ကျွန်းစို** ဆိုသည်မှာ အညွန့် သို့မဟုတ် အရွက်ပါရှိသော ကျွန်းသစ်ကိုဖြစ်စေ၊ အခေါက်၊ အခွံများကို လက်နှင့်ဆွဲခွာ၍မရနိုင်သော ကျွန်းသစ်ကိုဖြစ်စေ၊ အခေါက်၊ အခွံများကို ကိရိယာတစ်ခုခုအသုံးပြု၍ ဖယ်ရှားထားသော ကျွန်းသစ်ကိုဖြစ်စေ ဆိုသည်။

(ည) **ကိုင်းဖျားကိုင်းနား** ဆိုသည်မှာ တရားဝင်သစ်ထုတ်လုပ်ခဲ့သော ဧရိယာအတွင်း သစ်ထုတ်လုပ်ခဲ့သည့် ပင်ထောင်များမှထွက်ရှိသည့် အလျား ၆ ပေထက် မကျော်သော၊ ထုထည် ၁၀ ကုဗပေထက် မကျော်သောသစ်ကို ဆိုသည်။

(ဋ) **နယ်နိမိတ်အမှတ်အသား** ဆိုသည်မှာ ကျောက်တိုင်၊ ကွန်ကရစ်တိုင်၊ သံတိုင်၊ သစ်သားတိုင်၊ ပိုက်လုံး၊ ကျောက်ပုံ၊ မြေပုံ၊ သစ်ပင်တွင် သတ်မှတ်ထားသော အမှတ်အသား သို့မဟုတ် တစ်နည်းနည်းဖြင့် သတ်မှတ်ဖော်ပြထားသော နယ်မြေပိုင်းခြားသည့် အမှတ်အသားကို ဆိုသည်။

(ဌ) **သစ်တောလမ်း** ဆိုသည်မှာ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူရန် သစ်တောဦးစီးဌာနက သီးခြား ဖောက်လုပ်ထားသောလမ်းကို ဆိုသည်။

(ဍ) **ကိုယ်ပိုင်တံဆိပ်** ဆိုသည်မှာ သစ်ကိုထုတ်ယူခွင့်ရရှိသူက တရားဝင်ပိုင်ဆိုင်ခွင့် ရှိကြောင်းဖော်ပြရန် သစ်တွင်ရိုက်မှတ်သည့် တံဆိပ်ကို ဆိုသည်။

(ဎ) **ရွှေ့ပြောင်းတောင်ယာ** ဆိုသည်မှာ တိုင်းရင်းသားဓလေ့ထုံးတမ်းအစဉ်အလာ အရသော်လည်းကောင်း၊ လုပ်ကိုင်စိုက်ပျိုးရန် နေရာဒေသအခြေအနေလိုက်၍

DRAFT

သော်လည်းကောင်း တစ်နေရာတည်းတွင် အတည်တကျ စိုက်ပျိုးခြင်းမပြုဘဲ သစ်ပင်များကို ခုတ်လှဲခြင်း၊ မီးရှို့ခြင်းတို့ဖြင့် မြေကိုရှင်းလင်း၍ စနစ်တကျ အလှည့်ကျအနားပေး၍ ရွှေ့ပြောင်းစိုက်ပျိုးခြင်းကို ဆိုသည်။

(ဏ) **သစ်တောစိုက်ခင်း** ဆိုသည်မှာ သစ်တောနယ်မြေ သို့မဟုတ် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ် ဧရိယာအတွင်း သစ်တောဦးစီးဌာနက တည်ထောင်စိုက်ပျိုးထားသော သစ်ပင် များကို ဆိုသည်။

(တ) **ပုဂ္ဂလိကသစ်တောစိုက်ခင်း** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က သတ်မှတ်ဧရိယာအတွင်း သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တည်ထောင်စိုက်ပျိုးထားသောသစ်ပင်များကို ဆိုသည်။

(ထ) **သစ်သိုလှောင်ဆိပ်** ဆိုသည်မှာ သစ်တောဥပဒေပုဒ်မ ၁၈ အရ သစ်တောထွက် ပစ္စည်းများကို စီးပွားဖြစ်ထုတ်ယူခွင့်ရရှိသူ၏ သစ်လုံးများ သယ်ယူစုပုံ သိမ်းဆည်းသိုလှောင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိ၏ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော သစ်ဆိပ် အားလုံးကိုဆိုသည်။

## အခန်း (၂)

## ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တောသတ်မှတ်ကြေညာခြင်း

၃။ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၏သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးဝိုင်းတောဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာရာတွင် ကြေညာသည့်နေ့တွင် တည်ရှိနေသောအခွင့်အရေးမှအပ အောက်ပါကိစ္စရပ် တစ်ခုခုနှင့်စပ်လျဉ်း၍ တားမြစ်ချက်များထည့်သွင်းဖော်ပြနိုင်သည်-

(က) အဆောက်အဦအသစ်ဆောက်လုပ်ခြင်း၊

( ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

( ဂ) သစ်ပင်ခုတ်ခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းထုတ်ယူခြင်း၊

( င) မြေကွက်ရှင်းလင်းခြင်း၊

( စ) သီးနှံ သို့မဟုတ် သစ်ပင်များစိုက်ပျိုးခြင်း သို့မဟုတ် ဥယျာဉ်ခြံအသစ်တည်ထောင်ခြင်း၊

(ဆ) သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း၊

( ဇ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်း၊

( ဈ) မြေပေါ်မြေအောက် သဘာဝသယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်း၊

(ည) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊

( ဋ) တောမီးရှို့ခြင်း။

၄။ ဝန်ကြီးဌာနသည် သစ်တောဥပဒေပုဒ်မ ၆ အရ ကြိုးဝိုင်းတောဖွဲ့စည်းရန် သို့မဟုတ် ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည် -

(က) တည်နေရာ၊ နယ်နိမိတ်နှင့် အကျယ်အဝန်း၊

( ခ) အမည်နှင့် အမျိုးအစား၊

( ဂ) နည်းဥပဒေ ၃ ပါ ကိစ္စတစ်ခုခုနှင့်စပ်လျဉ်းသည့် တားမြစ်ချက်များ၊

(ဃ) သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

(င) အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန် စိစစ်ရေးအဖွဲ့ သို့မဟုတ် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

DRAFT

(စ) ရည်ရွယ်ကြောင်း ကြေညာသည့်အမိန့်ကို လုပ်ငန်းအဖွဲ့တွင်ပါဝင်သော ဒေသခံ တိုင်းရင်းသားကိုယ်စားလှယ်က သက်ဆိုင်ရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်း၍ ဒေသအလိုက် တိုင်းရင်းသားဘာသာစာပေဖြင့် ဘာသာပြန်ဆိုချက်။

၅။ (က) သစ်တောကြေးတိုင်အရာရှိသည် ကြိုးဝိုင်းတောဖွဲ့စည်းမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေးထိခိုက်နစ်နာမှုများရှိလျှင် တင်ပြတောင်းဆိုကြရန် မိမိအားခန့်အပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။ ထိုထုတ်ပြန်သောအမိန့်ကြော်ငြာစာကို သက်ဆိုင်ရာဒေသရှိ အများပြည်သူသိရှိအောင် ဆောင်ရွက်ရမည်။ အခွင့်အရေးတောင်းဆိုလိုသူများ သည် ကြေညာချက်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၁၅၀ အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှသော်လည်းကောင်း၊ မြို့နယ်သစ်တောအရာရှိ မှ တစ်ဆင့်သော်လည်းကောင်း သစ်တောကြေးတိုင်အရာရှိထံ တင်ပြ တောင်းဆိုရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့်ကာလအတွင်း တင်ပြတောင်းဆိုမှု တစ်စုံတစ်ရာမရှိလျှင် ကြိုးဝိုင်းတောဖွဲ့စည်းမည့်နယ်မြေဒေသရှိ အများပြည်သူ တို့တွင် အခွင့်အရေးတစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိဟု မှတ်ယူရမည်။

(ဂ) သစ်တောကြေးတိုင်အရာရှိသည် နည်းဥပဒေခွဲ(က)အရ တင်ပြတောင်းဆိုမှုများ ရှိခဲ့လျှင် ယင်းတို့ကို စိစစ်ရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေး၍ တောင်းဆိုမှု အားလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်၍ ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်။ ထို့အပြင် အဆိုပါဆုံးဖြတ်ချက် ကို သက်ဆိုင်ရာ အခွင့်အရေးတင်ပြတောင်းဆိုသူများထံ အကြောင်းကြား ရမည်။

၆။ (က) ဝန်ကြီးဌာနသည် ဖွဲ့စည်းမည့်ကြိုးဝိုင်းတောတည်ရှိရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ရန်နှင့် ကြေးတိုင်ပုံစံ ၁ မှ ၅ ကို စိစစ်ပြုစုရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)အရ စိစစ်ရေးအဖွဲ့ကို သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) စိစစ်ရေးအဖွဲ့အား အောက်ပါနိုင်ငံသားများပါဝင်သည့် စုစုပေါင်း ၅ ဦးထက် မပိုသောအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(၁) အဖွဲ့ခေါင်းဆောင် - သစ်တောကြေးတိုင်အရာရှိ

(၂) အဖွဲ့ဝင် - ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များအဖွဲ့မှ အများဆုံးကိုယ်စားလှယ် ၂ ဦး

(၃) အဖွဲ့ဝင် - ကျွမ်းကျင်ပညာရှင်များအဖွဲ့မှအများဆုံးကိုယ်စား လှယ် ၂ ဦး

(ဂ) ကျွမ်းကျင်ပညာရှင်များအဖွဲ့တွင်ဌာနဆိုင်ရာပုဂ္ဂိုလ်များပါဝင်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

၇။ (က) သစ်တောကြေးတိုင်အရာရှိသည် နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(က)အရ အခွင့်အရေး တင်ပြတောင်းဆိုမှုများကို နည်းဥပဒေခွဲ(ဂ)အရ စိစစ်ရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးရာတွင် အောက်ပါတို့ကိုဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုးဝိုင်းတောဖွဲ့စည်းမည့်နေရာသည် မိရိုးဖလာလုပ်ကိုင်ခဲ့သည့်မြေကို ထိခိုက်မည်ဆိုပါက အဆိုပါမြေကိုချန်လှပ်ပြီး အဆိုပြုကြိုးဝိုင်း နယ်နိမိတ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း၊

(၂) တရားမကျင့်ထုံးဥပဒေအရ သက်သေဆင့်ခေါ်ခြင်းနှင့် စာရွက်စာတမ်း များကို တောင်းယူစစ်ဆေးခြင်း၊

(၃) တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(၄) စားကျက်ချပိုင်ခွင့်၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် အခြားအခွင့်အရေးများကို ခွင့်ပြုရာတွင် အရေအတွက်၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီ၊ ခွင့်ပြုပုံခွင့်ပြုနည်းနှင့် အခြားအချက် အလက်များကို မှတ်တမ်းတင်ထားခြင်း။

(ခ) သစ်တောကြေးတိုင်အရာရှိသည် -

(၁) တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန် အလို့ငှာ ကော်လိပ်တော်အရာရှိဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အခွင့်အရေးတောင်းဆိုသူ သဘောတူညီပါက မြေကိုဖြစ်စေ၊ ငွေကို ဖြစ်စေ၊ မြေနှင့်ငွေပေါင်း၍ဖြစ်စေ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပေးလျော်ပိုင်ခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိမှသာ မြေသိမ်းခြင်း၊ လျော်ကြေးပေး၍ ရွှေ့ပြောင်းစေခြင်း သို့မဟုတ် အခွင့်အရေး တောင်းဆိုသူအား မြေလွှဲအပ်ပေးခြင်းပြုရမည်။

၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(ဂ)အရ သစ်တောကြေးတိုင်အရာရှိက တင်ပြလာသောအစီရင်ခံစာကို စိစစ်သုံးသပ်၍ အောက်ပါတို့နှင့် ညီညွတ်ကြောင်းတွေ့ရှိရပါက ကြိုးဝိုင်းတောဖွဲ့စည်းကြောင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်နိုင်ရေးအတွက် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနထံ ဆက်လက်တင်ပြရမည် –

(၁) နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(က)အရ တောင်းဆိုသည့်အခွင့်အရေးများကို သစ်တောကြေးတိုင်အရာရှိက ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

(၂) သစ်တောဥပဒေပုဒ်မ ၃၈ အရ အယူခံဝင်ရန် သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်းနှင့် အယူခံဝင်သည့်အမှုများကို ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

(၃) သစ်တောကြိုးဝိုင်း ဖွဲ့စည်းရေးအတွက် သိမ်းယူရန်လိုအပ်သည့် မြေအားလုံးကို သိမ်းယူပြီးဖြစ်ခြင်း။

(ခ) ဝန်ကြီးဌာနသည် ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေခွဲ(က)အရ တင်ပြလာသောအစီရင်ခံစာကို စိစစ်သုံးသပ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးဝိုင်းတောဖွဲ့စည်းမည့် တည်နေရာ၊ အကျယ်အဝန်း၊ နယ်မြေအမျိုးအစား၊ ကြိုးဝိုင်းတောအမျိုးအစား၊ ခွင့်ပြုသည့် အခွင့်အရေး၊ ချန်လှပ်ကွက်နှင့် စတင်သတ်မှတ်သည့်နေ့ရက်တို့ကို ဖော်ပြကာ ကြိုးဝိုင်းတောဖွဲ့စည်းကြောင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၉။ အများပြည်သူတို့သည် ကြိုးဝိုင်းတောဖွဲ့စည်းသည့်နေ့မှစ၍ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် အခွင့်အရေးများကိုသာ ခံစားခွင့်ရှိသည်။

၁၀။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ(ခ)အရ အမိန့်ကြော်ငြာစာ မထုတ်ပြန်မီ နည်းဥပဒေ ၄ အရ ထုတ်ပြန်ထားသော ကြိုးဝိုင်းတောဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၁။ မည်သူမျှ နည်းဥပဒ ၈၊ နည်းဥပဒေခွဲ(ခ)အရ ကြိုးဝိုင်းတောဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ယင်းသို့ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအရ –

(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှ တစ်ပါး ကျန်အခွင့်အရေးများကို လွှဲပြောင်းခြင်းမပြုရ။

(ခ) ခွင့်ပြုထားသောအခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း ၃ နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါအခွင့်အရေးသည် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)အရ ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသည့်အခါ ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာမည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေးထိခိုက်နစ်နာမှုများရှိလျှင် တင်ပြတောင်းဆိုကြရန် မိမိအားတာဝန်ပေးအပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ရမည်။ အခွင့်အရေးတောင်းဆိုလိုသူသည် ကြေညာချက် ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၁၅၀ အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှသော်လည်းကောင်း၊ မြို့နယ်သစ်တောအရာရှိမှတစ်ဆင့် သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတောင်းဆိုရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့်ကာလအတွင်း တင်ပြတောင်းဆိုမှု တစ်စုံတစ်ရာမရှိလျှင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာမည့် နယ်မြေဒေသရှိ အများပြည်သူတို့တွင် အခွင့်အရေးတစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိဟု မှတ်ယူရမည်။

DRAFT

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ(က)အရ တင်ပြတောင်းဆိုမှုများရှိခဲ့လျှင် ယင်းတို့ကို လုပ်ငန်းအဖွဲ့ဖြင့်စုံစမ်းစစ်ဆေး၍ တောင်းဆိုမှုများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ တင်ပြတောင်းဆိုသူများထံ အကြောင်းကြားရမည်။

၁၃။ (က) ဝန်ကြီးဌာနသည် သတ်မှတ်တည်ထောင်မည့် ကြိုးပြင်ကာကွယ်တောတည်ရှိရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ရန်နှင့် ကြေးတိုင်ပုံစံ ၁ မှ ၅ ကို စိစစ်ပြုစုရန် သစ်တောဥပဒေပုဒ်မ ၆ ၊ ပုဒ်မခွဲ(ဂ)အရ လုပ်ငန်းအဖွဲ့ကို သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

( ခ) လုပ်ငန်းအဖွဲ့အား အောက်ပါနိုင်ငံသားများပါဝင်သည့် စုစုပေါင်း ၅ ဦးထက် မပိုသောအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(၁) အဖွဲ့ခေါင်းဆောင် - ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သူ သစ်တောအရာရှိ

(၂) အဖွဲ့ဝင် - ဒေသခံတိုင်းရင်းသားပြည်သူများအဖွဲ့မှ အများဆုံးကိုယ်စားလှယ် ၂ ဦး

(၃) အဖွဲ့ဝင် - ကျွမ်းကျင်ပညာရှင်များ အဖွဲ့မှ အများဆုံးကိုယ်စားလှယ် ၂ ဦး

( ဂ) ကျွမ်းကျင်ပညာရှင်များအဖွဲ့တွင် ဌာနဆိုင်ရာပုဂ္ဂိုလ်များပါဝင်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)အရ ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ခြင်းခံရသည့်အခါ သစ်တောဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(ခ)အရ သစ်တောအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

DRAFT

၁၄။ (က) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ(က)အရ တင်ပြတောင်းဆိုမှုများကို နည်းဥပဒေခွဲ(ဂ)အရ လုပ်ငန်းအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးရာတွင် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုးပြင်ကာကွယ်တော သတ်မှတ်မည့်နေရာသည် မိရိုးဖလာလုပ်ကိုင်ခဲ့သည့်မြေကို ထိခိုက်မည်ဆိုပါက အဆိုပါမြေကိုချန်လှပ်ပြီး အဆိုပြုကြိုးပြင်ကာကွယ်တော နယ်နိမိတ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း၊

(၂) တရားမကျင့်ထုံးဥပဒေအရ သက်သေဆင့်ခေါ်ခြင်းနှင့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊

(၃) တည်ဆဲမြေသိမ်းယူခြင်း ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(၄) စားကျက်ချပိုင်ခွင့်၊ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်နှင့် အခြားအခွင့်အရေးများကို ခွင့်ပြုရာတွင် အရေအတွက်၊ အမျိုးအစား၊ ဧရိယာ၊ နယ်နိမိတ်၊ အချိန်ရာသီ၊ ခွင့်ပြုပုံခွင့်ပြုနည်းနှင့် အခြားအချက်အလက်များကို မှတ်တမ်းတင်ထားခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်သည်-

(၁) တည်ဆဲမြေသိမ်းယူခြင်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်အလို့ငှာ ကော်လိတ်တော်အရာရှိ ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အခွင့်အရေး တောင်းဆိုသူ သဘောတူညီပါကမြေကိုဖြစ်စေ၊ ငွေကိုဖြစ်စေ၊ မြေနှင့်ငွေပေါင်း၍ဖြစ်စေ ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ပေးလျော်ပိုင်ခွင့်ရှိသည်။

(၃) ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ရရှိမှသာ မြေသိမ်းခြင်း၊ လျော်ကြေးပေး၍ ရွှေ့ပြောင်းစေခြင်း သို့မဟုတ် အခွင့်အရေး တောင်းဆိုသူအား မြေလွှဲအပ်ပေးခြင်းပြုရမည်။

၁၅။ (က) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ(ဂ)အရ ဆောင်ရွက်ပြီးနောက် အောက်ပါတို့နှင့်ညီညွတ်သည့်အခါ ကြိုးပြင်ကာကွယ်တောသတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် ဝန်ကြီးဌာနထံတင်ပြ အစီရင်ခံရမည် -

(၁) သစ်တောဥပဒေပုဒ်မ ၃၈ အရ အယူခံဝင်ရန် သတ်မှတ်ထားသည့် ကာလကုန်ဆုံးခြင်းနှင့် အယူခံဝင်သည့်အမှုများကို ဆုံးဖြတ်ပြီးဖြစ်ခြင်း၊

(၂) ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာရေးအတွက် သိမ်းယူရန် လိုအပ်သည့် မြေအားလုံးကို သိမ်းယူပြီးဖြစ်ခြင်း။

( ခ) ဝန်ကြီးဌာနသည် ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) အရတင်ပြလာသော အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၁၆။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(ခ)အရ အမိန့်ကြော်ငြာစာ မထုတ်ပြန်မီ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ကြိုးပြင် ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန်အတွက် ထုတ်ပြန်ကြေညာ ရမည်။

၁၇။ မည်သူမျှ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(ခ)အရ ကြိုးပြင်ကာကွယ်တော သတ်မှတ်သည့်အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ယင်းသို့သတ်မှတ်သည့် အမိန့်ကြော်ငြာစာအရ -

(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခု အကျိုးခံစားခွင့်မှ တစ်ပါး ကျန်အခွင့်အရေးများကို လွှဲပြောင်းခြင်းမပြုရ။

( ခ) ခွင့်ပြုထားသောအခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း ၃ နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါအခွင့်အရေးသည် ပယ်ဖျက်ပြီး ဖြစ်သည်ဟုမှတ်ယူသည်။

၁၈။ (က) သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ကြိုးဝိုင်းတောတစ်ခုလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေပယ်ဖျက်ခဲ့လျှင် ဖွဲ့စည်းစဉ်က ငြင်းပယ် ပြီးဖြစ်သော အခွင့်အရေးများကို ရပိုင်ခွင့်မရှိစေရ။

(ခ) သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(က)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ကြိုးဝိုင်းတောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ရာတွင် ပါဝင်သွားသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ သစ်တောဦးစီးဌာနက ခွင့်ပြုထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၉။ (က) သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ကြိုးပြင်ကာကွယ်တောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် သတ်မှတ်ကြေညာစဉ်က ငြင်းပယ်ပြီးဖြစ်သော အခွင့်အရေးများကို ရပိုင်ခွင့်မရှိစေရ။

(ခ) သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ကြိုးပြင်ကာကွယ်တောတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ရာတွင် ပါဝင်သွားသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ သစ်တောဦးစီးဌာနက ခွင့်ပြုထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ သီးခြားညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၂၀။ ဝန်ကြီးဌာနသည် သစ်တောနယ်မြေပြင်ပတွင် တည်ထောင်ထားသော ဒေသခံပြည်သူအစုဖွဲ့ပိုင်သစ်တောရေိယာအား အသုံးပြုသူများအဖွဲ့၏ သဘောတူညီချက်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည်။

၂၁။ ဝန်ကြီးဌာနသည် သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)အရ ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုရန်အတွက် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

DRAFT

၂၂။ ခရိုင်သစ်တောအရာရှိသည် ကြိုးဝိုင်းတော သို့မဟုတ် ကြိုးပြင်ကာကွယ်တော နယ်နိမိတ်သတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ၁ နှစ်အတွင်း စတင်ဆောင်ရွက်ရမည်။

၂၃။ ခရိုင်သစ်တောအရာရှိသည် ကြိုးဝိုင်းတော သို့မဟုတ် ကြိုးပြင်ကာကွယ်တော၏ မူလနယ်နိမိတ်ကိုမထိခိုက်စေဘဲ နယ်နိမိတ်အမှတ်အသားများကို လိုအပ်သလို ပြန်လည်ပြုပြင်နိုင်သည်။

၂၄။ ဝန်ကြီးဌာနသည် သစ်တောဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)အရ တားမြစ်သစ်ပင်အမျိုးအမည် သတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်စေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၃ )

## သစ်တောရေးရာစီမံခန့်ခွဲခြင်း

၂၅။ သစ်တောဥပဒေပုဒ်မ ၉ အရ သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၆။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)အရ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၀ နှစ်တစ်ကြိမ်ရေးဆွဲရမည်။ အဆိုပါစီမံကိန်းကို အချိန်ကာလအပိုင်းအခြားအလိုက် ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ရာတွင် ဆက်စပ်ပတ်သက်သူများကို ပူးပေါင်းပါဝင်ခွင့်ပြုနိုင်သည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်–

(က) သစ်တောပညာရပ်နှင့်စပ်လျဉ်းသော ကျောင်းများ၊ သင်တန်းများ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုကော်မတီများဖွဲ့စည်းခြင်း၊ စည်းကမ်းများသတ်မှတ်ခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များကိုတောင်းခံ၍သုံးစွဲခြင်း၊

( ခ) သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ရေးဆွဲရန်လိုအပ်သည့် သစ်တောသယံဇာတစာရင်းများကို ၁၀ နှစ်တစ်ကြိမ် စာရင်းကောက်ယူနိုင်ရေးအတွက် စာရင်းကောက်ယူရေး စီမံချက်များရေးဆွဲခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များကို တောင်းခံခြင်း၊ စာရင်းများကို ၅ နှစ်တစ်ကြိမ်ပြန်လည်သုံးသပ်၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက်အကျိုးရှိမည့် သစ်တောသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သုတေသနရလဒ်များနှင့် ဝန်ဆောင်မှုများကို ကုမ္ပဏီများ၊ ပုဂ္ဂလိကများသို့ ထိုက်သင့်သော ပညာရပ်ဝန်ဆောင်မှုတန်ဖိုးဖြင့် ရောင်းချဖြန့်ဖြူးခြင်း သို့မဟုတ် အခမဲ့ဖြန့်ဝေခြင်း။

၂၈။ သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း –

(က) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်း လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် သက်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနကခွင့်ပြုနိုင်သည်။

(ခ) ပညာရေး သို့မဟုတ် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သင်တန်းဖွင့်လှစ်ခြင်း သို့မဟုတ် လေ့လာရေးစခန်းချခြင်းပြုလိုလျှင် ဒေသခံပြည်သူတို့၏ လူမှုအကျိုးစီးပွားနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးစေခြင်းမရှိလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိက ခွင့်ပြုနိုင်သည်။

( ဂ) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ဆောင်ရွက်လိုလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ သက်ဆိုင်ရာတည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစီရင်ခံစာကို ရေးဆွဲတင်ပြရမည်။

(ဃ) နည်းဥပဒေခွဲ(က)ပါ ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသူသည်–

DRAFT

(၁) နည်းဥပဒေခွဲ(ဂ)အရ ရေးဆွဲထားသော အစီရင်ခံစာပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်။

(၂) ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်း လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သစ်တောဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(၃) သက်ဆိုင်ရာခွင့်ပြုချက်ပါ ကိစ္စရပ်များကိုသာ ဆောင်ရွက်ခွင့်ရှိသည်။

(၄) သက်ဆိုင်ရာခွင့်ပြုချက်ကို ခွင့်ပြုမိန့်ပေးသူ၏ သဘောတူညီချက်မရဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုရ။

(၅) လုပ်ငန်းများကို ဆောင်ရွက်ခြင်းအတွက် ဝန်ကြီးဌာနက သတ်မှတ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေ ပေးဆောင်ရမည်။

(၆) စီးပွားရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့်တန်ဖိုးအတိုင်း ပေးလျော်ရမည်။

(၇) သက်ဆိုင်ရာခွင့်ပြုချက်ဖြင့်မိမိအသုံးပြုခဲ့သောပစ္စည်းများကို ခွင့်ပြုသည့် ကာလကုန်ဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ခွင့်ပြုနယ်မြေ အတွင်းမှ ရွှေ့ပြောင်းသယ်ယူရမည်။

၂၉။ (က) နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ(ဃ)၊ နည်းဥပဒေခွဲငယ်(၇)ပါ သတ်မှတ်ထားသည့်ရက်ထက်ကျော်လွန်၍ ရွှေ့ပြောင်းသယ်ယူရန် ကျန်ရှိသောပစ္စည်းများကို သစ်တောဦးစီးဌာနက လိုအပ်သလို ဖျက်သိမ်းထုခွဲရှင်းလင်းပြီး အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ကုန်ကျစရိတ်ကို ခွင့်ပြုချက်ရသူထံ တောင်းခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုချက်ရသူကပေးဆောင်ရမည့်ငွေကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၀။ (က) သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း မီးမွေးခြင်း၊ မီးဖိုခြင်း၊ မီးကိုင်ဆောင်သွားလာခွင့်ပြုခြင်းနှင့်ပတ်သက်သည့် နည်းလမ်း စည်းကမ်းများကို သစ်တောအရာရှိက ဆက်စပ်ဌာနများနှင့် ညှိနှိုင်း၍ သတ်မှတ်ကြေညာနိုင်သည်။

( ခ) မီးသုံးစွဲသူသည် သစ်တောအရာရှိက သတ်မှတ်ကြေညာထားသည့် နည်းလမ်း စည်းကမ်းများကို လိုက်နာရမည်။

၃၁။ ခွင့်ပြုချက်ရရှိသူမှအပ မည်သူမဆို လောင်စာပစ္စည်းများကို သစ်တောနယ်မြေနှင့် ယင်းနယ်မြေအဖြစ် သတ်မှတ်ရန်ကြေညာထားသည့်နယ်နိမိတ်မှ ကိုက် ၁၀၀ ပြင်ပတွင် စုပုံပြီးမှသာမီးရှို့ရမည်။ ယင်းသို့မီးရှို့ရာတွင် မီးပြန့်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်တားဆီးပြီးဖြစ်ရမည်။

၃၂။ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ခရိုင် သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

(က) မည်သည့်သစ်ပင် သို့မဟုတ် သစ်ကိုမဆို လက်အောက်သစ်တောဝန်ထမ်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ခုတ်လှဲစေခြင်း၊ ပိုင်းဖြတ်စေခြင်း၊ ထစ်မှတ်စေခြင်း၊ ချိုးဖြတ်စေခြင်း၊ ဖောက်ထွင်းစေခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

( ခ) သစ်တောဥပဒေပုဒ်မ ၁၇ အရ စီးပွားဖြစ်မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံး စသည့် မိမိသုံးအတွက် သတ်မှတ်အရေအတွက်ထက် မကျော်လွန်စေဘဲ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

( ဂ) သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ)အရ ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

(ဃ) သစ်တောဥပဒေပုဒ်မ ၁၈ ၊ ပုဒ်မခွဲ(ဃ)အရ ကျွန်းနှင့် တားမြစ်သစ်ပင်မှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

( င) သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(င)အရ သစ်တောဦးစီးဌာနက သီးခြားကန့်သတ်ထားသောကိစ္စမှအပ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ စီးပွားဖြစ်ထုတ်ယူခွင့်ပြုခြင်း၊

( စ) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(စ) အရ စီးပွားဖြစ်မဟုတ်သည့် သုတေသနနှင့် ပညာပေးလုပ်ငန်း၊ ပြည်သူ အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊

( ဆ) လယ်ယာမြေများသို့ ရေပေးသွင်းရန်နှင့် ဒေသခံများအတွက် သောက်သုံးရေရရှိရန် သစ်တောနယ်မြေအတွင်းမှ ရေမြောင်းများဖောက်လုပ်ခွင့်ပြုခြင်း၊

(ဇ) သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေပေါ်ရှိ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို ရေရှည်တည်တံ့သောနည်းစနစ်ဖြင့် ထုတ်လုပ်နိုင်စွမ်းကို လေ့လာဆန်းစစ်ပြီး စီးပွားဖြစ်ထုတ်ယူခွင့်ပြုခြင်း၊ စုသိမ်းခွင့်ပြုခြင်း၊ သယ်ယူရွှေ့ပြောင်းခွင့်ပြုခြင်း၊

(ဈ) သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ခွင့်ပြုမိန့်အရ ခုတ်လှဲထားသော သစ်ပင်များမှထွက်ရှိသည့် ထင်း၊ ကိုင်းဖျားကိုင်းနားကို စည်းကမ်းချက်နှင့်အညီ ထုတ်လုပ်ခွင့်ပြုခြင်း။

၃၃။ သစ်တောဦးစီးဌာနသည် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေဧရိယာ၏ တစ်စိတ်တစ်ဒေသကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခွင့်မရှိသော နယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

## အခန်း (၄)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း

၃၄။ သစ်တောဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)အရ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည်-

DRAFT

(က) ဒေသခံပြည်သူများအတွက် သစ်၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် ဝန်ဆောင်မှုဆိုင်ရာအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

(ခ) ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိပြီး လူမှုစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) သစ်တောဖုံးလွှမ်းသည့် ဧရိယာဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည်တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရန်၊

(ဃ) ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို မြှင့်တင်ရန်၊

(င) သစ်တောနှင့် ဇီဝမျိုးများပြုန်းတီးခြင်းနှင့် အရည်အသွေးကျဆင်းခြင်းတို့ကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်စေရေး အထောက်အကူဖြစ်စေနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများတိုးပွားလာစေရန်။

၃၅။ (က) သစ်တောဥပဒေပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ)အရ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

(ခ) သစ်တောဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)အရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိသူများသည် နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ပါက သစ်တောဦးစီးဌာနကချမှတ်သည့် ပြစ်ဒဏ် နှင့် ဆုံးဖြတ်ချက်များကို နာခံရမည်။

၃၆။ သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့က သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်ခြင်း၊ ပြည်တွင်း ပြည်ပရောင်းချခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော

လုပ်ငန်းအပေါ် အခြေခံသောစီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်းများကို ကြန့်ကြာမှုမရှိစေဘဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုနိုင်သည်။

၃၇။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိထားသောမြေတွင် လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင်ထုတ်ယူခြင်းတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစီမံအုပ်ချုပ်မှုကော်မတီအဖွဲ့ကတင်ပြလာပါက သစ်တောဦးစီးဌာနသည် ဥပဒေ ကြောင်းဆိုင်ရာ အကူအညီများပေးရမည်။

## အခန်း (၅)

## သစ်တောစိုက်ခင်းတည်ထောင်ခြင်း

၃၈။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ စီးပွားရေးစိုက်ခင်းများ တည်ထောင်ရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည်-

(က) နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(ခ) သစ်တောအတန်းအစား ကျဆင်းခြင်းနှင့် သစ်တောပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရန်၊

(ဂ) နိုင်ငံတော်၏သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရန်၊

(င) ဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်၊

(စ) သဘာဝတောများမှ သစ်ထုတ်လုပ်မှုကိုလျော့ချပြီး ဈေးကွက်ရှိသော စီးပွားရေးသစ်မျိုးများစိုက်ပျိုး၍ ပြည်တွင်း ပြည်ပ ရောင်းချနိုင်ရန်။

၃၉။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)အရ စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင် ရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည် -

(က) စက်မှုလုပ်ငန်းသုံး ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊

( ခ) နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

( ဂ) ဒေသခံပြည်သူတို့၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်။

၄၀။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)အရ ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည် -

(က) မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် ရေဦးရေထွက်များ ထိန်းသိမ်းကာကွယ်ရန်၊

( ခ) ရေမြေတိုက်စားမှုမှ ကာကွယ်ရန်၊

( ဂ) ဆည်တာတမံများ၏ ရေဝေရေလဲဒေသများကို ရေရှည်တည်တံ့စေရန်၊

(ဃ) ရေဝေရေလဲဒေသ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထောက်အကူဖြစ်စေရန်။

၄၁။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဃ)အရ ဒီရေတောစိုက်ခင်းများ တည်ထောင်ရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည် -

(က) ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊

( ခ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကို ကာကွယ်နိုင်ရန်၊

( ဂ) ရေသယံဇာတအရင်းအမြစ်နှင့် ဒီရေတောဂေဟစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးမြှင့်လာစေရန်၊

( င) ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ လျော့ချရန်။

၄၂။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)အရ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည် -

(က) ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊

( ခ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေရန်၊

( ဂ) သဘာဝတောများအပေါ် မှီခိုနေမှုကို လျော့ချနိုင်စေရန်။

၄၃။ သစ်တောဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(စ)အရ အခြားစိုက်ခင်းများတည်ထောင်ရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည် -

(က) ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အပံ့ဖြစ်စေရန်၊

( ခ) ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊

( ဂ) ပြည်သူအများ အပန်းဖြေနားနေရန်၊

(ဃ) ရေ၊ မြေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်၊

( င) သယံဇာတထုတ်ယူခြင်းကြောင့် သစ်တောများပျက်စီးပြုန်းတီးသွားသော နေရာများတွင် သစ်ပင်များပြန်လည်ဖြစ်ထွန်းလာစေရန်၊

( စ) သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်းပါဝင်လာစေရန်၊

(ဆ) အစားအစာများ ရရှိစေရန်။

၄၄။ (က) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၃ အရ သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် စိုက်ခင်းအမျိုးအစားအလိုက် သစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။

(ခ) သစ်တောဦးစီးဌာနသည် နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်ထားသည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၅။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၃ ပါ သစ်တောစိုက်ခင်းများကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်၍ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုနိုင်သည်-

(က) ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊

( ခ) အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊

( ဂ) တည်ထောင်ပြီး စိုက်ခင်းများ လေလံတင်ရောင်းချခြင်း၊

(ဃ) သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်း။

၄၆။ (က) သစ်တောဦးစီးဌာနသည် သစ်တောဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)အရ ပြည်ထောင်စုနယ်မြေအတွင်း လွှဲပြောင်းပေးအပ်သည့် ကျေးရွာထင်းစိုက်ခင်းနှင့်စပ်လျဉ်း၍ ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီသို့ စိုက်ခင်းပြုစုထိန်းသိမ်းကာကွယ်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်အတွက် နည်းပညာနှင့် ပျိုးပင်များကူညီပံ့ပိုးပေးရမည်။

( ခ) သစ်တောဦးစီးဌာနက သတ်မှတ်ပေးသော ခုတ်လှဲထုတ်လုပ်ချိန်တွင် ကျေးရွာလူထုက ထင်းများကိုမိမိသုံးအတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

( ဂ) ထင်းစိုက်ခင်းအား စီးပွားဖြစ်ခုတ်လှဲထုတ်လုပ်ခြင်းဖြစ်လျှင် သစ်တောဦးစီးဌာနကသတ်မှတ်သောအခွန်ကို ပေးဆောင်ရမည်။

၄၇။ သစ်တောဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုနယ်မြေအတွင်း ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီးထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍-

(က) သစ်တောဦးစီးဌာနသည် စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသ၏ လိုအပ်ချက်နှင့် ကိုက်ညီသောပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးရမည်။

( ခ) စတင်စိုက်ပျိုးသည့်အချိန်မှခုတ်လှဲထုတ်လုပ်ချိန်အထိ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနက ဖြန့်ဖြူးပေးသည့် နည်းပညာရပ်များကို အသုံးချ၍ သက်ဆိုင်ရာကျေးရွာလူထုက တာဝန်ယူဆောင်ရွက်ရမည်။

( ဂ) သစ်တောဦးစီးဌာနသည် မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်အတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းပညာများကိုလည်း ပြသပေးရမည်။

(ဃ) ခုတ်လှဲထုတ်လုပ်ချိန်တွင် ကျေးရွာလူထုအစီအစဉ်ဖြင့် ထင်းများကို မိမိသုံးအတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

( င) ထင်းစိုက်ခင်းအား စီးပွားဖြစ်ခုတ်လှဲထုတ်လုပ်ခြင်းဖြစ်လျှင် သစ်တောဦးစီးဌာနက သတ်မှတ်သောအခွန်ကို ပေးဆောင်ရမည်။

DRAFT

၄၈။ သစ်တောဥပဒေပုဒ်မ ၁၆ အရ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ခြင်းကို စီးပွားဖြစ်လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်ပါသတ်မှတ်ထားသည့် စည်းကမ်းချက်များအရ နိုင်ငံတော်အတွင်း သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ သဘာဝနည်းလမ်းဖြင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းကိုဖြစ်စေ မိမိကုန်ကျစရိတ်ဖြင့်ဆောင်ရွက်ပေးရာတွင်-

(က) သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ခြင်းမပြုမီ သစ်တောပြန်လည်ပြုစုထိန်းသိမ်းမည့်စီမံချက်ကို သစ်တောဦးစီးဌာနသို့ တင်ပြရမည်။

(ခ) သစ်တောနယ်မြေအတွင်း သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ရေ၊ မြေ ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် သစ်တောစိုက်ခင်းများကို ပြန်လည်စိုက်ပျိုးပေးရမည့်အပြင် ဌာနမှသတ်မှတ်သည့်ကာလတစ်ခုအထိ ပြုစုထိန်းသိမ်းပေးရမည်။

(ဂ) သစ်တောနယ်မြေအတွင်း သစ်တောဦးစီးဌာနကသတ်မှတ်သော သဘာဝတောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

**အခန်း (၆)**

**ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်း**

၄၉။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)အရ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခွင့်ပြုရာတွင် အောက်ပါရည်ရွယ်ချက်များကိုအခြေခံရမည်-

(က) ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းတွင် ဇရိယာပမာဏကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လိုသည့် ပြည်တွင်း ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ဆောင်ရွက်လာစေရန်၊

(ခ) သစ်တောကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုဖြင့် မြေအသုံးချနိုင်မှု အခွင့်အလမ်းများကို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်ရန်၊

(ဃ) ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြား ဝင်ငွေရရှိစေရန်၊

( င) ဒေသခံပြည်သူလူထုအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရန်၊

( စ) သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲစေရန်။

၅၀။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ သစ်တော နယ်မြေတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုရာတွင်-

(က) ဒေသခံများ၏ သဘောထားမှတ်ချက်ကို ရယူရမည်။

( ခ) အစိုးရအဖွဲ့၏ တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

( ဂ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏အကြံပြုချက်ရယူ၍ သစ်တောမြေငှားရမ်းခြင်း စာချုပ် ချုပ်ဆိုဆောင်ရွက်ရမည်။

၅၁။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)အရ ဝန်ကြီးမှ တစ်ဆင့် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခွင့်ပြုရာ တွင် အောက်ပါ ရည်ရွယ်ချက်များကို အခြေခံရမည်-

(က) ကျွန်းသစ်ပေါက်ရောက်ရာ မူရင်းဒေသတစ်ခုအဖြစ် ဆက်လက်တည်မြဲစေပြီး ကျွန်းတောဧရိယာများ တိုးပွားလာစေရန်၊

( ခ) မြန်မာ့တော်ဝင်ကျွန်းသစ်ကို နောင်သားစဉ်မြေးဆက်တိုင် မတိမ်ကော မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ရန်၊

( ဂ) သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲစေရန်၊

(ဃ) ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်၊

( င) သစ်တောကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်၊

( စ) ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

၅၂။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ)အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် နှစ်ရှည်စိုက်ခင်း သို့မဟုတ် စက်မှုကုန်ကြမ်းစိုက်ခင်းများကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ တည်ထောင်ခွင့်ပြုရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည်-

(က) နိုင်ငံတော်၏ စက်မှုစီမံကိန်းများကို အထောက်အကူဖြစ်စေရန်၊

( ခ) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

( ဂ) ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) နိုင်ငံခြားဝင်ငွေရရှိစေရန်၊

( င) သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲစေရန်။

၅၃။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ)အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း တည်ထောင်ခွင့်ပြုရာတွင် အောက်ပါရည်ရွယ်ချက်များကို အခြေခံရမည်-

(က) ပြည်သူလူထု၏ သစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊

( ခ) သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်၊

( ဂ) သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲစေရန်၊

(ဃ) ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

( င) ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများနှင့် တန်ဖိုးမြှင့်သစ်အချောထည်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

၅၄။ (က) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၁၄ အရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို သစ်တောနယ်မြေတွင် သတ်မှတ်ထားသောနည်းလမ်းနှင့်အညီ ပုဂ္ဂလိကသစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုရာတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

( ခ) ပုဂ္ဂလိကသစ်တောစိုက်ခင်း စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရှိသူသည် နည်းဥပဒေခွဲ (က)အရ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

( ဂ) နည်းဥပဒေ (က)အရ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သစ်တောဦးစီးဌာနကချမှတ်သည့် ဒဏ်ကြေးငွေကိုပေးဆောင်ရမည့်အပြင် ဆုံးဖြတ်ချက်များကို လိုက်နာရမည်။

(ဃ) နည်းဥပဒေ(ဂ)အရ ချမှတ်သည့်ဒဏ်ကြေးငွေနှင့် ဆုံးဖြတ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက တရားစွဲဆိုအရေးယူခြင်းခံရမည်။

## အခန်း ( ၇ )

## သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်

၅၅။ အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော တားမြစ်သစ်ပင်မှအပ အခြားသစ်ပင်များကို အောက်ပါကိစ္စရပ်များမှတပါး သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ခရိုင် သစ်တောအရာရှိ၏ ခွင့်ပြုမိန့်မရရှိဘဲ မည်သူမျှ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ခွဲစိတ်ခြင်း သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းမပြုရ –

(က) စီးပွားဖြစ်မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံး စသည့် မိမိသုံးအတွက် သတ်မှတ်အရေအတွက်ထက် မကျော်လွန်ဘဲ ထုတ်ယူခြင်း၊

( ခ) စီးပွားဖြစ်မဟုတ်သည့် သုတေသနနှင့် ပညာပေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြု သို့မဟုတ် ဘာသာရေးလုပ်ငန်းများတွင် သုံးစွဲရန်ဖြစ်သော သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း။

၅၆။ မည်သူမဆို သစ်တောထွက်ပစ္စည်းကို နည်းဥပဒေ ၅၅၊ နည်းဥပဒေခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခြင်းမပြုပါက သစ်တောဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)အရ အရေးယူရမည့်အပြင် သစ်တောဦးစီးဌာနကစည်းကြပ်သောအခွန်ငွေကို ပေးဆောင်ရမည်။

၅၇။ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ခရိုင် သစ်တောအရာရှိသည် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော တားမြစ်သစ်ပင်မှအပ အခြား

သစ်နှင့် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးစသည့် မိမိသုံးအတွက် ထုတ်ယူခွင့်ပြုရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည် –

(က) ၁၀ တန်ထက်မကျော်လွန်ဘဲ ထုတ်ယူရမည့်တည်နေရာများ သတ်မှတ်ထုတ်ပြန်၍ မြို့နယ်အတွင်းထုတ်ယူသုံးစွဲခွင့်ပြုခြင်း၊

( ခ ) နည်းဥပဒေခွဲ(က)အရ ထုတ်ယူရမည့်တည်နေရာများ သတ်မှတ်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ သတ်မှတ်ထားသော မြေများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) မြို့နယ်နယ်နိမိတ်အစပ်တွင် တည်ရှိသောဒေသများအတွက် ထုတ်လုပ်မည့် တည်နေရာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်မှ ထုတ်ပြန်ထားသော ခွင်းချက်ပြုသည့် လုပ်ထုံးလုပ်နည်းများအား လိုက်နာခြင်း၊

(ဃ) ထုတ်ယူပြီး ၁ နှစ်အတွင်း သုံးစွဲခြင်း။

၅၈။ နည်းဥပဒေ ၅၇ အရ အခြားသစ်ပင်ကို ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်သစ်တောအရာရှိသည် –

(က) ထုတ်ယူမည့် သစ်နှင့် တိုင်များအတွက် ပင်ထောင်ရိုက်မှတ်၍ ငုတ်ရင်းတွင် မိမိသုံးတံဆိပ်ရိုက်မှတ်ပေးရမည်။

( ခ) ထုတ်ယူမည့်သူ၏ အမည်၊ နေရပ်လိပ်စာ၊ သစ်အမျိုးအမည်နှင့် အရေအတွက် တို့ကို မှတ်တမ်းတင်ထားရမည်။

၅၉။ သစ်တောဦးစီးဌာနသည် သစ်တောဥပဒေပုဒ်မ ၁၈ အရ စီးပွားဖြစ် သစ်တောထွက် ပစ္စည်းထုတ်ယူခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဈေးပြိုင်စနစ်ကျင့်သုံးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ထားရှိရမည်။

၆၀။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)အရ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်း၊ ပြည်တွင်း ပြည်ပရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

DRAFT

၆၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများမှ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်ခြင်းအတွက် သက်ဆိုင်ရာ မြို့နယ်သစ်တောအရာရှိမှ တဆင့် ခရိုင်သစ်တောအရာရှိထံ တင်ပြခွင့်ပြုချက်ယူရမည်။

၆၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများမှ သစ်၊ တိုင်၊ မျောများ ထုတ်ယူရာတွင် ထုတ်လုပ်ထွက်ရှိသည့် သစ်၊ တိုင်၊ မျောများနှင့် ငုတ်ပေါ်တွင် အသုံးပြုသူများအဖွဲ့၏ သတ်မှတ်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတံဆိပ် ရိုက်မှတ်ရမည်။

၆၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောအရာရှိသည်-

(က) အသုံးပြုသူများအဖွဲ့ဝင်များမှ မိမိကိုယ်ပိုင်သုံးစွဲရန်ထုတ်ယူသော သစ်၊ တိုင်၊ မျောများတွင် ရိုက်မှတ်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတံဆိပ်နှင့်ပူးတွဲ၍ အခွန်လွတ်တံဆိပ် ရိုက်မှတ်ပေးရမည်။

(ခ) သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအား စီးပွားဖြစ်ထုတ်ယူခြင်းဖြစ်ပါက စုဆောင်းခွင့်လိုင်စင်ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ ထုတ်ယူခြင်းများအတွက် သတ်မှတ်ထားသော အခွန်အခများကို ကောက်ခံရမည်။

၆၄။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ) နှင့် (ဃ)အရ သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ သယ်ဆောင်ခြင်း၊ ပြည်တွင်း ပြည်ပ ရောင်းချခြင်းကိစ္စနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၆၅။ သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ)အရ ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)အရ ပိုင်ဆိုင်ခွင့်ပြုထားသော ကျွန်းနှင့် တားမြစ်သစ်ပင်များမှထွက်ရှိသည့် သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ ထုတ်ယူခွင့်ရရှိသူသည် သစ်တောဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

DRAFT

၆၆။ နည်းဥပဒေ ၆၅ အရ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခွင့်ရရှိသူသည် ထုတ်လုပ်သည့် သစ်၊ တိုင်၊ မျောများနှင့် ငုတ်ပေါ်တွင် သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ရမည်။

၆၇။ သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၆၆ အရ ဆောင်ရွက်ပြီးပါက မြို့နယ်သစ်တောအရာရှိသည် -

(က) ပုဂ္ဂလိကသစ်တောစိုက်ခင်း အကောက်တံဆိပ် သို့မဟုတ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအကောက်တံဆိပ်ကို ရိုက်မှတ်ပေးရမည်။

( ခ) သစ်တောဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသော အခွန်အခကို ကောက်ခံရမည်။

၆၈။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(င)အရ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်ယူခြင်း၊ သယ်ဆောင်ခြင်း၊ ပြည်တွင်း ပြည်ပ ရောင်းချခြင်းကိစ္စနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၆၉။ မည်သူမဆို သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း သစ်ပင်များကို စီးပွားဖြစ် ထင်း၊ မီးသွေးအလို့ငှာခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် ခွဲစိတ်ခြင်းဆောင်ရွက်လိုပါက ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ကိုရယူရမည်။

၇၀။ ခရိုင်သစ်တောအရာရှိသည် သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေမှ ထုတ်လုပ်သည့် အခွန်ဆောင်ပြီးသောထင်းကို မီးသွေးဖုတ်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာသတ်မှတ်သည့် လိုင်စင်ပုံစံနှင့် ယင်းလိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ မီးသွေးဖိုတည်ဆောက်ခွင့်နှင့် မီးသွေးဖုတ်ခွင့်ပြုနိုင်သည်။

၇၁။ ဝန်ကြီးဌာနသည် သစ်တောဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ (ခ)အရ ပိုင်ဆိုင်ခွင့်ပြုထားသည့် ကျွန်းပင်များအား ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းနှင့် ပြည်တွင်း ပြည်ပ ရောင်းချခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

DRAFT

၇၂။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောစိုက်ခင်းများမှ ထွက်ရှိသော သစ်၊ တိုင်၊ မျော များ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်ခြင်း၊ ပြည်တွင်း ပြည်ပ ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမိန့်၊ ညွှန်ကြား ချက်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို ထုတ်ပြန်ရမည်။

## အခန်း ( ၈ )

## သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း

၇၃။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)ပါ သစ်တောထွက် ပစ္စည်းတစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍သယ်ယူရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၄။ (က) သစ်တောဥပဒေပုဒ်မ ၂၃ ၊ ပုဒ်မခွဲ(က)အရ မိမိအိမ်သုံးပရိဘောဂအသုံး အဆောင်များ သယ်ယူရွှေ့ပြောင်းခြင်းအတွက် သက်ဆိုင်ရာ မြို့နယ်သစ်တော အရာရှိထံမှ ထောက်ခံချက်ရယူရာတွင် အောက်ပါအချက်အလက်များ တင်ပြ ရမည်-

(၁) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြောင်းရွှေ့မိန့်တင်ပြရမည်။

(၂) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ရွှေ့ပြောင်းမှုမှန်ကန်ကြောင်း ထောက်ခံချက် တင်ပြရမည်။

( ခ) မြို့နယ်သစ်တောအရာရှိသည် နည်းဥပဒေခွဲ(က)အရ ထောက်ခံချက်ထုတ်ပေး ရာတွင် အောက်ပါတို့ကိုပြည့်စုံစွာဖော်ပြရမည်-

(၁) သယ်ဆောင်လိုသူ၏ အမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား အမှတ်၊

(၂) သယ်ယူခွင့်ပြုသည့် ဒေသ၊

(၃) သယ်ယူခွင့်ပြုသည့် အကြောင်းအရာ၊

(၄) သယ်ယူခွင့်ပြုသည့် သစ်မျိုး၊ အမျိုးအမည်နှင့် အရေအတွက်၊

(၅) သယ်ဆောင်လိုသူ၏ မိမိအိမ်သုံးပရိဘောဂအသုံးအဆောင်ဖြစ်ကြောင်း ဝန်ခံချက်၊

(၆) သယ်ယူခွင့်ပြုသည့်ကာလ၊

(၇) သယ်ဆောင်မည့် ယာဉ်။

(ဂ) မြို့နယ်သစ်တောအရာရှိသည် မိမိအိမ်သုံးပရိဘောပစ္စည်းများ သယ်ယူရွှေ့ပြောင်းခွင့် တင်ပြလျှောက်ထားလာမှုအား ကျိုးကြောင်းဆီလျော်မှုမရှိဟု ယူဆပါက ထောက်ခံချက်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

(ဃ) မိမိအိမ်သုံးပရိဘောဂပစ္စည်းများ သယ်ယူရွှေ့ပြောင်းသူသည် သစ်တောဝန်ထမ်းကတောင်းခံလာပါက သက်ဆိုင်ရာသစ်တောအရာရှိ၏ ထောက်ခံချက် တင်ပြပေးရမည်။

၇၅။ (က) သစ်တောဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)ပါ ကိစ္စရပ်များမှတစ်ပါး သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းလိုလျှင် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိထံမှ မျှောစာလျှောက်ထား ရယူရမည်။

(ခ) မျှောစာရရှိသူသည် မျှောစာအတွက် သတ်မှတ်ထားသော အခွန်အခကို ပေးဆောင်ရမည်။

၇၆။ မည်သူမဆို တည်ဆဲဥပဒေများအရ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရန်သတ်မှတ်ထားသော အိမ်မွေးတိရစ္ဆာန်များကို သယ်ယူရွှေ့ပြောင်းလိုလျှင် မြို့နယ်သစ်တောဦးစီးဌာနမှတစ်ဆင့် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိထံမှ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

၇၇။ (က) မြို့နယ်သစ်တောအရာရှိ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခြင်းခံရသော သစ်တောဝန်ထမ်းသည် အခွန်ဆောင်ပြီးသော သစ်တောထွက်ပစ္စည်းများအတွက် မျှောစာထုတ်ပေးခွင့်ရှိသည်။

( ခ) ထုတ်ပေးသည့်မျှောစာတိုင်းတွင် အောက်ပါတို့ ဖော်ပြပါရှိရမည် -

(၁) သစ်ဖြစ်ပါက သစ်မျိုးအမည်နှင့် သစ်လုံး သို့မဟုတ် ခွဲသားအရေအတွက်၊

(၂) သစ်တောထွက်ပစ္စည်းဖြစ်ပါက အမျိုးအစားနှင့် အရေအတွက်၊

(၃) သစ်လုံးနှင့် ခွဲသားများပေါ်၌ပါရှိသည့် တံဆိပ်အမှတ်အသား၊

(၄) သယ်ယူမည့် ခရီးလမ်းဆုံး၊

(၅) မျှောစာ၏ သက်တမ်းကာလ၊

(၆) လမ်းခရီးတွင် ရပ်တန့်၍စစ်ဆေးခံရမည့်နေရာများ။

၇၈။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းသူသည် မိမိသယ်ယူရွှေ့ပြောင်းမည့် သစ်တောထွက်ပစ္စည်းများကို စစ်ဆေးခံရန်၊ အခွန်ဆောင်ရန် သို့မဟုတ် တံဆိပ်အမှတ်အသားရိုက်မှတ်ရန် သက်ဆိုင်ရာ သစ်တောကင်းရုံး သို့မဟုတ် မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ ဆက်သွယ်ဆောင်ရွက်ရမည်။

၇၉။ မည်သူမျှ ပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်းမပြုရသေးမီအတွင်း သစ်တောထွက်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းခြင်းမပြုရ။

၈၀။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှထွက်ရှိသော သစ်တောထွက်ပစ္စည်းများကို မြို့နယ်ကျော်သယ်ယူရာတွင် သစ်တောဦးစီးဌာန၏ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ မျှောစာရရှိသူသည် သစ်တောထွက်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းရာတွင် နိုင်ငံတော်ပိုင်ပစ္စည်း တစ်စုံတစ်ရာပျက်စီးမှုရှိလျှင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၈၂။ မည်သူမဆို မိမိကြီးကြပ်သယ်ဆောင်လာသည့် သစ်၊ တိုင်၊ မျော၊ ထင်း၊ ဝါး သို့မဟုတ် ကြိမ်ဖောင်များကို တူးမြောင်းနှင့်ဆက်သွယ်လျက်ရှိသည့် ရေလွှဲဆည်ပေါက်သို့ ဆိုက်ရောက်သည့်အခါတွင် ဆည်ကြီးကြပ်သူ၏ သတ်မှတ်ချက်အတိုင်း ကြန့်ကြာမှုမရှိစေဘဲ ရေလွှဲဆည်ကိုဖြတ်၍ သယ်ယူရွှေ့ပြောင်းရမည်။ ရွှေ့ပြောင်းရန် ရေမလုံလောက်ကြောင်း ဆည်ကြီးကြပ်သူကထင်မြင်လျှင် သစ်တောဝန်ထမ်းက အထူးခွင့်ပြုမိန့်အရ ခွင့်ပြုသည့်လမ်းမှ သယ်ယူရွှေ့ပြောင်းရမည်။

၈၃။ သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခွင့်ရရှိသူသည် တံတားများ၊ တာတမံများ သို့မဟုတ် ယင်းတို့နှင့်ဆက်စပ်နေသည့်လုပ်ငန်းများကို ကာကွယ်ရန်အလို့ငှာ သက်ဆိုင်ရာ ဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၈၄။ (က) သစ်တောဦးစီးဌာနသည် သစ်ဖောင်များကို ချည်ထားခြင်း၊ ရပ်ထားခြင်း၊ သို့မဟုတ် ဆွဲထားခြင်းမပြုရသော နယ်နိမိတ်များကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) မည်သူမျှ နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း သစ်ဖောင်များကို ချည်ထားခြင်း၊ ရပ်ထားခြင်း သို့မဟုတ် ဆွဲထားခြင်း မပြုရ။

၈၅။ မည်သူမဆို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းကလုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ အထူးခွင့်ပြုချက်မရရှိလျှင် သစ်တောထွက်ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းရာ၌-

(က) မြစ်များတွင်ရေစီးခြင်းကို ယုတ်လျော့စေခြင်း သို့မဟုတ် ရေကြောင်း ပြောင်းလဲစေခြင်း သို့မဟုတ် ရေကြောင်းပိတ်ဆို့စေခြင်း မပြုလုပ်ရ။

(ခ) မော်တော်ကားလမ်း သို့မဟုတ် မီးရထားလမ်းတစ်လျှောက် ယာဉ်အသွားအလာ ပိတ်ဆို့မှုတစ်စုံတစ်ရာ မပြုလုပ်ရ။

၈၆။ (က) မည်သည့်သစ်တောဝန်ထမ်းမဆို မြစ်၊ ချောင်းနှင့် ရေကြောင်းတစ်လျှောက် သစ်မျှောခြင်းကို အတားအဆီးဖြစ်စေမည့်ပြုလုပ်မှုများကို ကာကွယ်တားမြစ်ခွင့်ရှိသည်။

(ခ) မြို့နယ်သစ်တောအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာလုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အစိုးရအရာရှိသည် သစ်မျှောခြင်းကို အတားအဆီးဖြစ်စေသည့် ပြုလုပ်မှုများကို ဖယ်ရှားခွင့်ရှိသည်။

၈၇။ သစ်မျှောခြင်းကို အတားအဆီးဖြစ်စေမည့် ပြုလုပ်မှုများကို နည်းဥပဒေ ၈၆၊ နည်းဥပဒေခွဲ(က)အရ ကာကွယ်တားမြစ်ခြင်း သို့မဟုတ် နည်းဥပဒေခွဲ(ခ)အရ ဖယ်ရှားခြင်း ပြုရာတွင် ကုန်ကျသောစရိတ်များကို အတားအဆီးပြုလုပ်သူအားကျခံစေရမည်။

၈၈။ သစ်တောဝန်ထမ်းသည် သစ်တောထွက်ပစ္စည်း သယ်ဆောင်လာသူမည်သူကိုမဆို မျှောစာ ပါ /မပါ စစ်ဆေးမေးမြန်းခွင့်ရှိသည်။ သစ်တောထွက်ပစ္စည်းကို တရားဝင်ပိုင်ဆိုင်ခွင့် ရရှိသူဖြစ်သော်လည်း မျှောစာမပါဘဲ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရပါက သစ်တောဥပဒေပုဒ်မ ၃၉ ပါပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာ မြို့နယ် သစ်တောအရာရှိထံသို့ အမှုတွဲပြုစု၍တင်ပြရမည်။

၈၉။ သစ်တောဦးစီးဌာနမဟုတ်သည့် အစိုးရဌာနအဖွဲ့အစည်းမှတာဝန်ရှိသူက သစ်တော ထွက်ပစ္စည်း သယ်ဆောင်လာသူမည်သူမဆိုအား သစ်တောဥပဒေပုဒ်မ ၃၉ အရ ပြစ်မှု ကျူးလွန်ကြောင်းစစ်ဆေးတွေ့ရှိပါက တရားဝင်ပိုင်ဆိုင်သော သစ်တောထွက်ပစ္စည်းများ မှန်ကန်မှု ရှိ / မရှိ စစ်ဆေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနသို့ အကြောင်း ကြားရမည်။

၉၀။ (က) သစ်တောဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ(က)အရ မျှောစာမပါဘဲ သယ်ယူရွှေ့ပြောင်း သည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံပြီးပါက မြို့နယ်သစ်တောအရာရှိသည် အောက်ပါအတိုင်းဆောင်ရွက်ခွင့်ပြုနိုင်သည်-

(၁) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရမည့်ဒေသသို့ သယ်ယူ ရွှေ့ပြောင်းထားခြင်းဖြစ်ပါက စတင်သယ်ယူလာသည့်ဒေသသို့ လုပ်ထုံး လုပ်နည်းနှင့်အညီ ပြန်လည်သယ်ယူရမည်။

(၂) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရန် မလိုသည့်ဒေသသို့ သယ်ယူ ရွှေ့ပြောင်းထားခြင်းဖြစ်ပါက လျှောက်ထားသူက တင်ပြသည့်ဒေသသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်သယ်ယူခွင့်ပြုနိုင်သည်။

(ခ) သစ်တောဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)အရ မျှောစာတွင်ဖော်ပြထားသော ခရီး လမ်းဆုံးမှတပါး အခြားဒေသသို့ သယ်ယူရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံပြီးပါက မြို့နယ်သစ်တောအရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်သည် -

(၁) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရမည့်ဒေသသို့ သယ်ယူ ရွှေ့ပြောင်းထားခြင်းဖြစ်ပါက မျှောစာရရှိသူသည် မျှောစာတွင် ဖော်ပြထားသော ခရီးလမ်းဆုံးဒေသသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သယ်ယူရမည်။

DRAFT

(၂) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရန်မလိုသည့် ဒေသသို့ သယ်ယူ ရွှေ့ပြောင်းထားခြင်းဖြစ်ပါက လျှောက်ထားသူက တင်ပြသည့်ဒေသသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်သယ်ယူခွင့်ပြုနိုင်သည်။

၉၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် နည်းဥပဒေ ၉၀၊ နည်းဥပဒေခွဲ(က)အရ သယ်ယူခွင့်မပြုသင့်သည့်နေရာဒေသနှင့် သစ်မျိုးများအား အခါအားလျော်စွာထုတ်ပြန်ကြေညာရမည်။

## အခန်း ( ၉ )

## ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း

၉၂။ မည်သူမဆို မြစ်နှင့် ချောင်းများအတွင်း ရေမျောကမ်းတင်သစ်များကို သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ဆယ်ယူခြင်းမပြုရ။

၉၃။ (က) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိသည် နေရာဒေသနှင့် အချိန်ကာလကိုဖော်ပြပြီး ရေမျောကမ်းတင်သစ်များ ဆယ်ယူခွင့်ကို ပိတ်ပင်တားမြစ်နိုင်သည်။

( ခ) မည်သူမျှ နည်းဥပဒေခွဲ(က)အရ ထုတ်ပြန်သည့် တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ခြင်းမပြုရ။

၉၄။ (က) မြစ်နှင့် ချောင်းများအတွင်း ခရိုင်သစ်တောအရာရှိ၏ခွင့်ပြုချက်ဖြင့် ရေမျော ကမ်းတင်သစ်ဆယ်သူသည် ဆယ်ယူရရှိသည့်သစ်လုံးများကို အနီးဆုံး သစ်တောကင်းရုံးသို့ စုသိမ်းယူဆောင်လာရမည်။

( ခ) နည်းဥပဒေခွဲ(က)အရ စုသိမ်းယူဆောင်လာသူသည် သတ်မှတ်ထားသည့် နှုန်းထားအတွင်းမှ အမှန်ကုန်ကျသောသစ်ဆယ်ခငွေကို ရပိုင်ခွင့်ရှိရမည်။

၉၅။ ခရိုင်သစ်တောအရာရှိသည် သစ်တောကင်းရုံးသို့ စုသိမ်းယူဆောင်လာသော ရေမျော ကမ်းတင်သစ်များနှင့်စပ်လျဉ်း၍ -

(က) သက်ဆိုင်သူများ သိရှိနိုင်ရန်နှင့် ပိုင်ဆိုင်ခွင့်တောင်းခံနိုင်ရန် မြစ်ညာဒေသရှိ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ မြို့နယ် သစ်တောရုံးများအားလုံးနှင့်သစ်တောကင်းရုံးများအားလုံးတွင် အမိန့်ကြော်ငြာ

စာမျှား ထုတ်ပြန်ချိတ်ဆွဲထားရမည်။ ထို့ပြင် ယင်းသို့သောအမိန့်ကြော်ငြာစာများကို အလိုရှိကြောင်း ကြိုတင်စာရင်းပေးသွင်းထားသည့် ကိုယ်ပိုင်တံဆိပ်ပိုင်ရှင်များသို့လည်းပေးပို့ရမည်။

(ခ) ရေပေါ်တွင် အလိုအလျောက်မပေါ်ဘဲ မျောပါလာသည့် ရေမျောကမ်းတင်သစ်များနှင့် ပင်လယ်ပြင်တွင်မျောပါနေသည့်သစ်များကို အမိန့်ကြော်ငြာစာပါခွင့်ပြုသည့်ကာလကုန်ဆုံးပြီးနောက် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိ၏ ခွင့်ပြုမိန့်ရယူ၍ ထုခွဲရောင်းချခွင့်ရှိသည်။

(ဂ) မြန်မာ့သစ်လုပ်ငန်းပိုင်တံဆိပ်ပါရှိသည့် ရေမျောကမ်းတင်သစ်များကို သက်ဆိုင်ရာမြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရမည်။

(ဃ) ဆယ်ယူထားသည့် ရေမျောကမ်းတင်သစ်များသည် သစ်သိုလှောင်ဆိပ်များမှ မျောထွက်လာသည့်သစ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါက နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာမူလပိုင်ရှင်အား ပြန်လည်ယူဆောင်သွားခွင့်ပြုနိုင်သည်။

၉၆။ မူလပိုင်ရှင်သည် နည်းဥပဒေ ၉၅ ၊ နည်းဥပဒေခွဲ(ဃ)အရ မိမိအားပြန်လည်ယူဆောင်သွားခွင့်ပြုသည့် ရေမျောကမ်းတင်သစ်များကို သစ်တောကင်းရုံး၌ ထိန်းသိမ်းစောင့်ရှောက်ထားရသည့်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက သတ်မှတ်သည့် အခကြေးငွေကိုပေးဆောင်ရမည်။

၉၇။ ပင်လယ်တွင်ဖြစ်စေ မြစ်များ၊ ချောင်းများတွင်ဖြစ်စေ ဆယ်ယူရရှိသည့် ရေမျောကမ်းတင်သစ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက အခါအားလျော်စွာကြေညာ၍ သတ်မှတ်ထားသည့် နှုန်းထားအတွင်းမှ အမှန်ကုန်ကျသော သစ်ဆယ်ခငွေကို သစ်ပိုင်ရှင်က ဆယ်သူကို ပေးချေရမည်။

## အခန်း ( ၁၀ )

## ကိုယ်ပိုင်တံဆိပ်တုံးများကို မှတ်ပုံတင်ခြင်းနှင့် သစ်များကိုကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်း

၉၈။ ညွှန်ကြားရေးမှူးချုပ်သည် သစ်ထုတ်ယူခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ ရိုက်မှတ်ပေးရမည့် တံဆိပ်တုံးအမျိုးအစားများကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၉၉။ သစ်တောဥပဒေပုဒ်မ ၁၈ အရ သစ်ထုတ်ယူခွင့်ရရှိသူသည် ခွင့်ပြုမိန့်အရထုတ်သည့် သစ်တွင် ရိုက်မှတ်ရန်အသုံးပြုသော မိမိကိုယ်ပိုင်တံဆိပ်ကို အသုံးပြုမည့်သက်ဆိုင်ရာခရိုင် သစ်တောရုံးတွင် မှတ်ပုံတင်ရမည်။

၁၀၀။ (က) နည်းဥပဒေ ၉၉ အရ မှတ်ပုံတင်လျှောက်ထားသည့် ကိုယ်ပိုင်တံဆိပ်ပုံစံသည် သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ သဘောတူညီချက်ရရှိရမည့်အပြင် မှတ်ပုံတင်သည့်ပုံစံတွင် သက်ဆိုင်ရာခရိုင်ကိုညွှန်ပြသည့် အထူးအမှတ်အသား တစ်ခုပါရှိရမည်။

( ခ) မည်သူမျှကိုယ်ပိုင်တံဆိပ်ကို ခရိုင်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင် သုံးစွဲခြင်းမပြုရ။

၁၀၁။ ကိုယ်ပိုင်တံဆိပ်တုံးတစ်ခုနှင့်မလုံလောက်ပါက ဆင့်ပွားတံဆိပ်တုံးကို အမှတ်စဉ် ဖြည့်စွက်၍ သက်ဆိုင်ရာခရိုင်သစ်တောအရာရှိ၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

၁၀၂။ မှတ်ပုံတင်သည့်ကိုယ်ပိုင်တံဆိပ်အတွက် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။

၁၀၃။ ကိုယ်ပိုင်တံဆိပ်တစ်ခု၏ မှတ်ပုံတင်သက်တမ်းသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့မှစ၍ ယင်းကိုပယ်ဖျက်သည့်နေ့အထိ ဖြစ်စေရမည်။

၁၀၄။ (က) အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကိုယ်ပိုင်တံဆိပ်ကို မှတ်ပုံတင်ထားခြင်းပျက်ပြယ်သည် -

(၁) တံဆိပ်တုံး ပိုင်ရှင်ကိုယ်တိုင်က မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း၊

DRAFT

(၂) တံဆိပ်တုံးပိုင်ရှင် သေဆုံးခြင်း သို့မဟုတ် ကြွေးမြီများ မပေးဆပ်နိုင်ကြောင်း တရားရုံးမှ ကြေညာခံရခြင်း၊

(၃) အထူးခွင့်ပြုမိန့်ဖြင့် သစ်ထုတ်ရန်မှတ်ပုံတင်ထားသည့် တံဆိပ်ဖြစ်ပါက ခွင့်ပြုသက်တမ်းကုန်ဆုံးခြင်း၊

(၄) တံဆိပ်တုံးပုံစံကို ပြောင်းလဲရန်လိုအပ်ကြောင်း ပိုင်ရှင်ဖြစ်သူက လျှောက်ထားလာခြင်း၊

(၅) တံဆိပ်တုံးကို မှတ်ပုံတင်စည်းကမ်းနှင့်ဆန့်ကျင်၍ အသုံးပြုကြောင်း စိစစ်တွေ့ရှိရခြင်း။

(ခ) တံဆိပ်တုံးအား ၁၂ လတိုင်အောင် တစ်ဆက်တည်း အသုံးပြုမှုမရှိပါက သက်ဆိုင်ရာမှတ်ပုံတင်ထားသည့် ခရိုင်သစ်တောဦးစီးဌာနသို့ သတင်းပေးပို့တင်ပြပြီးပြန်လည်သုံးစွဲလိုပါကခွင့်ပြုချက်ရရှိမှသာဆက်လက်အသုံးပြုရမည်။

၁၀၅။ ကိုယ်ပိုင်တံဆိပ်တုံးကို လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်ရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ကိုယ်ပိုင်တံဆိပ်တုံးကိုအသုံးပြုရန် မှတ်ပုံတင်ပြီးကြောင်း သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိက ထုတ်ပေးသည့် သက်သေခံလက်မှတ်ရရှိထားသူ တံဆိပ်ပိုင်ရှင်၊

( ခ) သက်ဆိုင်ရာ ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် တံဆိပ်တုံးပိုင်ရှင်၏ ကိုယ်စားကိုင်ဆောင်ခွင့်ရရှိသူ ။

၁၀၆။ သစ်ပင်များကို ခုတ်လှဲခြင်း သို့မဟုတ် သစ်လုံးများကို ဖြတ်ပိုင်းခြင်းပြုသောအခါ ၂၄ နာရီအတွင်း ငုတ်နှင့် သစ်လုံးများပေါ်တွင် သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ရမည်။

၁၀၇။ မည်သူမျှ ကိုယ်ပိုင်တံဆိပ်ရိုက်မှတ်ခြင်း မပြုရသေးသည့်သစ်များကို ခုတ်လှဲသည့် နေရာမှ သယ်ယူရွှေ့ပြောင်းခြင်းမပြုရ။

၁၀၈။ (က) ခွဲစိတ်ခြင်းမရှိသေးသည့်သစ် သို့မဟုတ် အကြမ်းခုတ်ထားပြီးသစ်များပေါ်တွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်တံဆိပ်ကိုသာ ရိုက်မှတ်ရမည်။

( ခ) တံဆိပ်တုံးပိုင်ရှင်ကိုယ်တိုင် သို့မဟုတ် နည်းဥပဒေ ၁၀၅၊ နည်းဥပဒေခွဲ(ခ)အရ တံဆိပ်တုံးကိုင်ဆောင်ခွင့်ရရှိသူမှတစ်ပါး မည်သူမျှတံဆိပ်ရိုက်မှတ်ခြင်း မပြုရ။

၁၀၉။ မည်သူမဆို ခွင့်ပြုမိန့်မရှိလျှင်ဖြစ်စေ၊ ခွင့်ပြုမိန့်နှင့်အညီမဟုတ်လျှင်ဖြစ်စေ -

(က) ပင်ထောင်သစ်ပင်တွင် ကိုယ်ပိုင်တံဆိပ်ကို မရိုက်ရ။

( ခ) သစ်နှင့် သစ်လုံးပေါ်တွင်ရိုက်မှတ်ထားသည့် တံဆိပ်အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဍာန်ပျက်စေခြင်း မပြုရ။

( ဂ) သစ်တောဦးစီးဌာနသို့ ပေးဆောင်ရန်ရှိသည့်အခွန်အခများအားလုံး ပေးဆောင်ပြီးကြောင်းဖော်ပြသည့် သစ်တောဦးစီးဌာန၏ တံဆိပ်အမှတ်အသား မပါရှိလျှင် အခြားကိုယ်ပိုင်တံဆိပ်ပါသည့်သစ် သို့မဟုတ် တံဆိပ်ရာကိုဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဍာန်ပျက်အောင်ပြုလုပ်ထားသည့် လက္ခဏာပါသောသစ်များ ပေါ်တွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်းမပြုရ။

(ဃ) သစ်ထုတ်ခွင့်ရသူ သို့မဟုတ် သစ်ထုတ်ခွင့်ရသူ၏ လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ခံရသူမဟုတ်လျှင် သစ်လုံးများတွင် ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်း မပြုရ။

( င) တရားမဝင်ခုတ်လှဲထုတ်ယူထားကြောင်း ယုံကြည်ရန် အကြောင်းရှိသော မည်သည့်သစ် သို့မဟုတ် သစ်လုံးပေါ်တွင်မဆို ကိုယ်ပိုင်တံဆိပ်ကို ရိုက်မှတ်ခြင်းမပြုရ။

DRAFT

## အခန်း ( ၁၁ )

## သစ်သိုလှောင်ဆိပ်များ

၁၁၀။ သစ်တောဥပဒေပုဒ်မ ၁၈ အရ သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်ယူခွင့် ရရှိသူသည် သစ်လုံးများသယ်ယူစုပုံသိမ်းဆည်း သိုလှောင်ရန်အတွက် သစ်သိုလှောင်ဆိပ်ကို သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိထံ ခွင့်ပြုမိန့်လျှောက်ထားရမည်။

၁၁၁။ သစ်တောဥပဒေပုဒ်မ ၂၄ အရ တည်ထောင်ထားသော သစ်တောကင်းရုံးများအနက် သင့်လျော်သည့် သစ်တောကင်းရုံးများကို သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိက သစ်သိုလှောင်ဆိပ်များအဖြစ် သတ်မှတ်အသုံးပြု စေနိုင်သည်။ ယင်းသို့အသုံးပြုသည့် သစ်သိုလှောင်ဆိပ်များကို သီးခြားအမှတ်စဉ်တပ်၍ သက်ဆိုင်ရာသစ်သိုလှောင်ဆိပ်ရှေ့တွင် ဆိုင်းဘုတ်စိုက်ထူထားရမည်။

၁၁၂။ မည်သူမျှ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုမရရှိဘဲ သစ်သိုလှောင်ဆိပ်များကို အသုံးမပြုရ။

၁၁၃။ သစ်သိုလှောင်ဆိပ်များတွင် နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိကထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ၏သစ်များကိုသာ သိုလှောင်ခွင့်ရှိသည်။ သို့ရာတွင် ခွင့်ပြုမိန့်ရရှိသူက သစ်များကိုရောင်းချပြီး၍ ယင်းသစ်ဝယ်ယူသူက ဆက်လက် သိုလှောင်ထားရှိလိုလျှင် ခရိုင်သစ်တောအရာရှိ၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်သိုလှောင်ထားခွင့်ရှိသည်။

၁၁၄။ မည်သူမျှ သစ်သိုလှောင်ဆိပ်အတွင်းရှိ သစ်သယ်ဆောင်လမ်းကို ပိတ်ဆို့ခြင်း သို့မဟုတ် အတားအဆီးဖြစ်စေခြင်း မပြုရ။

၁၁၅။ မည်သူမျှ ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ည ၆ နာရီမှ နံနက် ၆ နာရီ အတွင်း သစ်တောကင်းရုံး သို့မဟုတ် သစ်သိုလှောင်ဆိပ်များအတွင်းရှိသစ်များကို မျှောစာ မပါဘဲ ရွှေ့ပြောင်းခြင်းမပြုရ။

၁၁၆။ သစ်သိုလှောင်ဆိပ်သို့ ရောက်ရှိလာသည့်သစ်များတွင် မသမာသောနည်းဖြင့် ရရှိထား သည့်သစ်များပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရပါက စုံစမ်းစစ်ဆေးမှုအတွက် ကုန်ကျစရိတ် များကို သက်ဆိုင်ရာသစ်သိုလှောင်ခွင့်ရရှိသူက ကျခံရမည်။

## အခန်း ( ၁၂ )

## သစ်အခြေခံအသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း

၁၁၇။ (က) သစ်အခြေခံအသုံးပြုသည့် စက်ရုံတည်ထောင်ခြင်းတွင် သစ်တောထွက်ပစ္စည်းများကို အသုံးပြုသည့်စက်ရုံတည်ထောင်ခြင်းလုပ်ငန်းများလည်းပါဝင်သည်။

( ခ) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သစ်နှင့် သစ်တောထွက်ပစ္စည်းအခြေခံသည့် စက်မှုလက်မှုလုပ်ငန်းများ၏ အမျိုးအမည်ကို သတ်မှတ်နိုင်သည်။

၁၁၈။ သစ်တောဥပဒေပုဒ်မ ၃၀ အရ မည်သူမဆို သစ်အခြေခံအသုံးပြုသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပရိဘောဂလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်မှတ်ပုံတင်ပြီး တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် လက်မှတ်ပါရှိရမည်။

( ခ) လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၁၉။ (က) လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့် စက်ကိုဖြစ်စေ၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော သစ်ပရိဘောဂလုပ်ငန်း သို့မဟုတ် သစ်အခြေခံအခြားလုပ်ငန်းကိုဖြစ်စေ တည်ထောင်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

( ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားမှုကို သတ်မှတ်ချက်နှင့်အညီစိစစ်၍ ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေပုဒ်မ ၃၀ အရ ခွင့်ပြုမိန့်ရယူရန် မလိုသော သစ်အခြေခံအသုံးပြုသည့် စက်ကိရိယာအမျိုးအစားစာရင်းကို သတ်မှတ်ကြေညာနိုင်သည်။

DRAFT

၁၂၀။ (က) နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ(က)နှင့် အကျုံးမဝင်သည့် လက်ကိုင်စက်လွှ ကိုင်ဆောင်လိုသူနှင့် လွှစင်တည်ထောင်လိုသူသည် အသုံးပြုလိုသည့်လုပ်ငန်း ဖော်ပြ၍ ခွင့်ပြုမိန့်ရရှိရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်း ထားသည့် သစ်တောအရာရှိထံ လျှောက်ထားရမည်။

( ခ) ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သစ်တောအရာရှိသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားမှုကိုစိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ပါ က ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၂၁။ နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ(ခ)အရ သစ်အခြေခံအသုံးပြုသည့် စက်ရုံတည်ထောင် ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် နည်းဥပဒေ ၁၂၀၊ နည်းဥပဒေခွဲ (ခ)အရ လက်ကိုင်စက်လွှ ကိုင်ဆောင်ခွင့်ပြုမိန့်ရှိသူ၊ လွှစင်တည်ထောင်ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော -

(က) အခွန်အခများကို ပေးဆောင်ရမည်။

( ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၁၂၂။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သစ်တောဥပဒေပုဒ်မ ၃၁ အရ သတ်မှတ်ထားသော ခွင့်ပြုမိန့်ဆိုင်ရာစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန် ခြင်းအတွက် တပ်ရိုက်ရမည့်ဒဏ်ကြေးအပြင် ပြစ်မှုနှင့်သင့်လျော်သည့် စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုလည်း ချမှတ်နိုင်သည်။

## အခန်း ( ၁၃ )

## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၂၃။ သစ်တောဝန်ထမ်းတိုင်းသည် သစ်တောဥပဒေပါပြစ်မှုတစ်စုံတစ်ရာ ဖြစ်ပွားခြင်း မရှိစေရန် တားဆီးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းများကို ပြုလုပ်ပိုင် ခွင့်ရှိသည်။

၁၂၄။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာတစ်ခုခုတွင် သစ်တောထွက်ပစ္စည်းတစ်စုံတစ်ရာကို သိုလှောင်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့်အကြောင်းရှိလျှင် ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာကို

ရှာဖွေရန် မြို့နယ်သစ်တောတာဝန်ခံထက်မနိမ့်သော သစ်တောအရာရှိသည် တောအုပ်အဆင့်ထက်မနိမ့်သော သစ်တောဝန်ထမ်းတစ်ဦးဦးအား သက်တမ်းခုနစ်ရက်ထက်မပိုသော ရှာဖွေအမိန့်ကို ထုတ်ပေးနိုင်သည်။

၁၂၅။ ရှာဖွေအမိန့်ရရှိသူသည် -

(က) ရှာဖွေအမိန့်ကို ကိုယ်တိုင်အတည်ပြုဆောင်ရွက်ရမည်။ အခြားသူတစ်ဦးဦးကို တစ်ဆင့်လွှဲအပ်ခြင်းမပြုရ။

( ခ) ရှာဖွေခြင်းကို အနည်းဆုံးသက်သေ ၂ ဦးရှေ့တွင်ပြုလုပ်ရမည်။

( ဂ) ရှာဖွေအမိန့်တွင်ပါရှိသည့် နေအိမ်၊ အဆောက်အအုံ သို့မဟုတ် နေရာတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများကို သက်သေ ၂ ဦးရှေ့မှောက်တွင် သိမ်းဆည်းရမည်။ အဆိုပါသက်သေများကိုလည်း အသိသက်သေအဖြစ် လက်မှတ်ရေးထိုးစေရမည်။

(ဃ) ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်၊ အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် ပြစ်မှုကျူးလွန်သူများကိုအရေးယူခြင်းပြုရမည်။

( င) ရှာဖွေဖမ်းဆီးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ သိမ်းဆည်းပြီးသည့် အချိန်မှစ၍ ၂၄ နာရီအတွင်း ရှာဖွေခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ရှာဖွေအမိန့်ထုတ်ပေးသူထံစာဖြင့် အစီရင်ခံရမည်။

၁၂၆။ သစ်တောဝန်ထမ်းသည် အများပြည်သူတို့ ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ၊ နေရာနှင့် မည်သည့်ယာဉ်မျိုးကိုမဆို ရှာဖွေအမိန့်ရယူရန်မလိုဘဲ အနည်းဆုံးသက်သေ ၂ ဦး ရှေ့တွင် ရှာဖွေခြင်းပြုနိုင်သည်။ ယင်းသို့ရှာဖွေရာတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများ၊ အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်၊ အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် ပြစ်မှုကျူးလွန်သူများကို အရေးယူခြင်းပြုရမည်။

၁၂၇။ သစ်တောဥပဒေပါ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင်

အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၂၈။ ညွှန်ကြားရေးမှူးချုပ်သည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ သစ်တောဥပဒေပုဒ်မ ၃၃ အရ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်ရာတွင် လိုက်နာရမည့် နည်းလမ်းများကို သတ်မှတ်ထားရှိရမည်။

၁၂၉။ သစ်တောဝန်ထမ်းတစ်ဦးဦးသည် သစ်တောဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသူကို အမည်နှင့် နေရပ်လိပ်စာ မေးမြန်းရယူနိုင်သည်။ ယင်းသို့မေးမြန်းခြင်းခံရသူသည် မိမိ၏အမည်နှင့် နေရပ်လိပ်စာအမှန်ကို ထုတ်ဖော်ပြောဆိုရမည်။

၁၃၀။ ဤနည်းဥပဒေအရ သစ်တောဝန်ထမ်းကရှာဖွေရာတွင် သိမ်းဆည်းရမိသည့်သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောအရာရှိ သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ထားသည့် သစ်တောဝန်ထမ်းသည်-

(က) သိမ်းဆည်းခြင်းခံရသူထံ အနည်းဆုံး သက်သေ ၂ ဦးရှေ့မှောက်တွင် ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်ပေးအပ်ထားနိုင်သည်။

(ခ) ပျက်စီး၊ ပုပ်သိုးလွယ်သော သစ်တောထွက်ပစ္စည်းများကို ခရိုင်သစ်တောအရာရှိ၏ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချခွင့် သို့မဟုတ် ဖျက်ဆီးခွင့်ရှိသည်။

(ဂ) ပိုင်ရှင်မပေါ်သည့် သစ်တောထွက်ပစ္စည်းများသည် ပိုင်ရှင်မဲ့ဖြစ်ကြောင်း ပေါ်ပေါက်ပါက ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိသည်။

၁၃၁။ သစ်တောဥပဒေအရ ကျူးလွန်သောအမှုကို အရေးယူခြင်းနှင့်စပ်လျဉ်း၍ -

(က) အောက်ဖော်ပြပါပစ္စည်းတစ်ခုခုကို ခွင့်ပြုမိန့်မရရှိဘဲ ထုတ်ယူခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်း သို့မဟုတ် တရားမဝင်လက်ဝယ်ထားရှိခြင်း ပြုသည့်အတွက် ပြစ်မှုကျူးလွန်သူအား သစ်တောဦးစီးဌာနမဟုတ်သည့် အစိုးရဌာန အဖွဲ့အစည်းမှ တာဝန်ရှိသူက ဖမ်းဆီးခြင်းဖြစ်လျှင် ထိုဖမ်းဆီးသူသည် ပြစ်မှု

ကျူးလွန်သူကို သက်သေခံပစ္စည်းများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်သစ်တော ဦးစီးဌာနသို့ ၂၄ နာရီအတွင်း လွှဲပြောင်းပေးရမည်-

(၁) တစ်တန်ထက် မပိုသောသစ်၊

(၂) သစ်မှအပ ဒေသတန်ဖိုးကျပ်တစ်သိန်းထက်မပိုသော အခြားသစ်တော ထွက်ပစ္စည်း၊

(၃) မြေ၌စွဲကပ်ထားသော သို့မဟုတ် မြေ၌စွဲကပ်ထားသောပစ္စည်းတွင် တပ်ဆင်ထားသည့် မရွှေ့မပြောင်းနိုင်သော သစ်တောထွက်ပစ္စည်း။

**ခြွင်းချက်။ နည်းဥပဒေခွဲ(က)အရ အရေးယူဆောင်ရွက်ရာတွင် ဤနည်းဥပဒေခွဲငယ်(၃)ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို သိမ်းဆည်း ခြင်းဖြစ်လျှင် မြို့နယ်သစ်တောဦးစီးဌာနသို့ ယင်းပစ္စည်းကို လွှဲပြောင်း ပေးရန်မလိုဘဲ အမှုအကြောင်းအရာ ဖော်ပြချက်နှင့်တကွ ပြစ်မှုကျူးလွန် သူကိုသာ လွှဲပြောင်းပေးရမည်။**

(ခ) သက်ဆိုင်ရာသစ်တောအရာရှိသည် နည်းဥပဒေခွဲ(က)အရ လွှဲပြောင်းပေးသော ပြစ်မှုများနှင့်စပ်လျဉ်း၍ သစ်တောဥပဒေပုဒ်မ ၃၃ နှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) ရဲအရေးယူပိုင်ခွင့်ရှိသော သစ်တောဥပဒေအခန်း(၁၂)ပါ ပြစ်မှုဖြစ်လျှင် ယင်းပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသောသစ်တောဝန်ထမ်း သို့မဟုတ် ရဲတပ်ဖွဲ့ဝင်ကဖြစ်စေ ယင်းပြစ်မှုကိုကျူးလွန်ကြောင်းသိရှိသော ပုဂ္ဂိုလ်တစ်ဦး ဦးကဖြစ်စေ သက်ဆိုင်ရာရဲစခန်း၌ ပထမသတင်းပေးတိုင်ကြားရမည်။

၁၃၂။ သစ်တောအရာရှိသည် သစ်တောပြစ်မှုများနှင့် စပ်လျဉ်း၍ -

(က) စွပ်စွဲခံရသူနှင့် သက်သေများလာရောက်ရန် ဆင့်ခေါ်ခွင့်နှင့် စာရွက်စာတမ်းများ တင်ပြစေရန် တောင်းဆိုခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးနိုင်ခွင့်နှင့် ယင်းသို့ စုံစမ်းစစ်ဆေးစဉ် သက်သေထွက်ချက်များကို မှတ်တမ်းရယူခွင့်ရှိသည်။

DRAFT

၁၃၃။ မြို့နယ်သစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး လွှဲပြောင်းပေးသောသစ်တောထွက်ပစ္စည်းများကို လက်ခံရယူရမည်။

၁၃၄။ (က) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးသော သစ်တောထွက်ပစ္စည်းများနှင့် သစ်တောဥပဒေပုဒ်မ ၃၃ အရ သစ်တောအရာရှိက စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူပြီး ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ထုခွဲရောင်းချပိုင်ခွင့်ရှိသည်။

(ခ) နည်းဥပဒေခွဲ(က)အရ လွှဲပြောင်းရရှိသော သစ်တောထွက်ပစ္စည်းသည် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏အစိတ်အပိုင်းများဖြစ်ပါက သက်ဆိုင်ရာ ဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။

(ဂ) မြန်မာနိုင်ငံမှလက်ခံကျင့်သုံးသော နိုင်ငံတကာကွန်ဗင်းရှင်းများနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

၁၃၅။ သစ်တောဥပဒေအရ သစ်တောဦးစီးဌာနကရရန်ရှိသောငွေများကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်ရန် ခရိုင်သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၁၃၆။ သစ်တောဥပဒေပုဒ်မ ၄၇၊ ပုဒ်မခွဲ(ဂ)အရ လျော်ကြေးပေးဆောင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနကတွက်ချက်၍ တရားစွဲဆိုချိန်တွင် အမှုတွဲနှင့် တကွ တင်ပြရမည်။

## အခန်း ( ၁၄ )

## အထွေထွေ

၁၃၇။ ၁၉၉၅ ခုနှစ်တွင်ထုတ်ပြန်ထားသည့် သစ်တောနည်းဥပဒေကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

DRAFT